# ဘေးဒဏ်ခံ လူထုအား တာဝန်ခံယူမှုရှိခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲ ဆောင်ရွက်ခြင်း (AAP/CE) လုပ်ငန်း အဖွဲ့ အစည်းအဝေး၏ အနှစ်ချုပ် မှတ်တမ်း (မတ်လ၊ ၂၀၂၂ ခုနှစ်)

| | |
|---|---|
| **နေ့စွဲ/ အချိန်နှင့် နေရာ** | ၂၃ မတ်လ ၂၀၂၂ ခုနှစ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီခွဲ<br>(MS Teams အွန်လိုင်း ပလက်ဖောင်းမှ တဆင့် တွေ့ဆုံခြင်း) |
| **လုပ်ငန်းအဖွဲ့ သဘာပတိ၊ ပူးတွဲ-သဘာပတိ** | **WFP** အဖွဲ့မှ (Michelle Sanson)၊ **Plan International** အဖွဲ့မှ (Angelo Melencio) |
| **တက်ရောက်သူများ** | အစည်းအဝေး တက်ရောက်သူ စာရင်းအား OCHA အဖွဲ့မှ ထိန်းသိမ်းထား ပါသည်။ |

| **အစည်းအဝေး အကြောင်းအရာများနှင့် ဆွေးနွေးမှု အနှစ်ချုပ်** | **လုပ်ဆောင်ရမည့် အချက်များ** |
|---|---|
| **၁။ ကြိုဆိုခြင်း**<br>AAP/CE လုပ်ငန်းအဖွဲ့ ပူးတွဲ သဘာပတိက အစည်းအဝေး အကြောင်းအရာအား တင်ပြခဲ့ပါသည်။<br>ဤလုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ပထမဆုံး အကြိမ် အင်္ဂလိပ် - မြန်မာ စကားပြန်ဆိုမှုကို စတင် ကျင့်သုံးနိုင်ပြီး စကားပြန် လောရန့်စ်အား ကျေးဇူးတင်ရှိပါသည်။ | |
| **၂။ ဖေဖဝါရီလ အစည်းအဝေး မှတ်တမ်း**<br>အကြံပြုချက်များ/ သဘောထား မှတ်ချက်များ ထပ်မံပေးခြင်း မရှိသဖြင့် ၂၀၂၂ ခုနှစ် ဖေဖဝါရီလ အစည်းအဝေး၏ အနှစ်ချုပ် မှတ်တမ်းအား အတည်ပြုခဲ့ပါသည်။ အစည်းအဝေး အနှစ်ချုပ်အား MIMU အင်တာနက် စာမျက်နှာတွင် တင်ပြမည် ဖြစ်ပြီး ထိုအင်တာနက် လင့်အား လုပ်ငန်း အဖွဲ့ဝင်များအား ပို့ပေးပါမည်။<br>လာမည့် အစည်းအဝေးများ၌ လုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များ သို့မဟုတ် Cluster ၏ AAP လုပ်ငန်းစဉ်များအား မျှဝေဖို့ စိတ်ဝင်စားမှု ရှိလျှင် ဝေမျှကြရန် ပူးတွဲ-သဘာပတိက အဖွဲ့ဝင်များအား ဖိတ်ခေါ်ခဲ့ပါသည်။ | **OCHA အဖွဲ့သည် ဖေဖဝါရီလ အစည်းအဝေး အနှစ်ချုပ်အား upload တင်ပေးပါရန်။**<br>**AAP/CE လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် AAP လုပ်ထုံးလုပ်နည်းများအား ဝေမျှရန် စိတ်ဝင်စားလျှင် သဘာပတိအား ဆက်သွယ် အကြောင်းကြားရန်။** |
| **၃။ အဖွဲ့ဝင်များ ရှင်းလင်းတင်ပြခြင်း**<br>အဖွဲ့ဝင်များ ရှင်းလင်းတင်ပြခြင်း အစီအစဉ်၌ ကနဦး ပြင်ဆင်ထားသော ဒုတိယပိုင်း အဖြစ် Plan International အဖွဲ့က မြန်မာနိုင်ငံအတွင်း ဖော်ဆောင်နေသော ၎င်း၏ AAP/CE ဆိုင်ရာ လုပ်ငန်းစဉ်အား ဝေမျှခဲ့ပါသည်။<br>Plan International အဖွဲ့၏ AAP ဒီဇိုင်းနှင့် အကောင်အထည် ဖော်ဆောင်ခြင်း လုပ်ငန်းစဉ်တွင် Feedback channels သဘောထား မှတ်ချက်ပေးသည့် လမ်းကြောင်းများ၊ feedback categorization သဘောထား မှတ်ချက်များအား အမျိုးအစား ခွဲခြားမှု၊ ဒေတာ ကောက်ယူခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊ ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် တိုင်ကြားမှုအား ပြန်ကြားခြင်းနှင့် follow-up လုပ်ခြင်း စနစ်များ ပါဝင်ပါသည်။ help desks များ၊ လူထု အစည်းအဝေးများ၊ လုပ်အားပေးများ၊ Plan စာတိုက်ပုံများ၊ အီးမေးလ်၊ SMS စာပို့ခြင်း၊ ကလေးများ အတွက် အဆင်ပြေစေမည့် FGD အုပ်စုလိုက် ဆွေးနွေးမှုများနှင့် LINE application တို့မှ တဆင့် သဘောထား မှတ်ချက်များအား လက်ခံယူပါသည်။ LINE application နှင့် ပတ်သက်၍ ပိုမိုအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ အင်တာနက်လင့် here တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ PLAN နှင့် ၎င်းတို့၏ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် သဘောထား မှတ်ချက် ပေးသည့် | |

| | |
|---|---|
| လမ်းကြောင်း ဆိုင်ရာ ဗီနိုင်းကို ရေးဆွဲနေပြီး ၎င်းအား မြန်မာဘာသာစကား၊ ဒေသခံ ဘာသာစကားတို့ဖြင့် ရရှိနိုင်ရန် စီစဉ်နေပါသည်။<br><br>ထိုလုပ်ငန်းစဉ်၌ အဓိက ခြေလှမ်းတစ်ရပ် အနေဖြင့် Feedback system သဘောထား မှတ်ချက်ပေးခြင်း ဆိုင်ရာ စနစ်အား ဒီဇိုင်းရေးဆွဲသည့် အချိန်တွင် ကလေးသူငယ်များ၊ လူငယ်များနှင့် ရပ်ရွာလူထုတို့ကိုလည်း အသိပေးပါသည်။ Plan အဖွဲ့အစည်းသည် အချက်အလက် မပေါက်ကြားရေးမှု confidentiality အား စောင့်ထိန်းရန် အလို့ငှာ အချက်အလက် ထိန်းသိမ်းရမည့် Confidentiality အဆင့်သတ်မှတ်ချက်နှင့် ထိခိုက်လွယ်သော အခြေအနေ Sensitivity အလိုက် Feedback သဘောထား မှတ်ချက်များအား သီးခြား database များဖြင့် ထိန်းသိမ်းထားကာ Feedback response flow အဆင့်အတွင်း သက်ဆိုင်ရာ လူပုဂ္ဂိုလ်ထံ အချက်အလက် ပေးပို့ရာတွင်လည်း Password ခံထားသော ဖိုင်များကို အသုံးပြုပါသည်။<br><br>ထိုအကြောင်းအရာများအာ ပိုမို သိရှိလိုပါက Plan International အဖွဲ့၏ တင်ပြဆွေးနွေးမှု slides များအား ကျေးဇူးပြု၍ ကိုးကားလေ့လာပါ။ | |
| **၄။ FSC (Food Security Cluster) အကြောင်းနှင့် ရှေ့ဆက်မည့် ခြေလှမ်းများ အပါအဝင် AAP သင်တန်း အကြောင်း**<br><br>၂၀၂၂ ခုနှစ်၊ ဖေဖဝါရီလ အတွင်း ပို့ချခဲ့သော Inter-agency AAP သင်တန်းအား စိတ်ဝင်စားကြောင်း ပြသသူ အယောက် ၈၀၀ ကျော် ရရှိခဲ့ကာ သင်တန်း အတွက် လူပေါင်း ၁၆၀ ကျော်ကို ရွေးချယ်ခဲ့ပါသည်။ ထိုသင်တန်း အတွက် သင်တန်း ရင်းမြစ်များကို မြန်မာနိုင်ငံသား အကြံပေး အရာရှိက ဖန်တီးရေးဆွဲ၊ ဘာသာပြန်ဆိုပေးခဲ့ကာ ၎င်းအား MIMU ဝဘ်ဆိုဒ်တွင် တင်ထားပြီး ဖြစ်ကာ အခြား အေဂျင်စီ အဖွဲ့အစည်းများက ပို့ချမည့် AAP သင်တန်း အတွက် ချိန်ဆအသုံးပြုနိုင်ပြီ ဖြစ်ပါသည်။<br><br>AAP သင်တန်း တက်ရန် စိတ်ဝင်စားကြောင်း ပြသခဲ့သော်လည်း သင်တန်း မရလိုက်သည့် FSC အဖွဲ့ဝင်များအား သတ်မှတ်ဖော်ထုတ်ရန် Food Security cluster (FSC) စားနပ်ရိက္ခာ ဖူလုံရေး လုပ်ငန်းအစုအဖွဲ့ အတွင်း ဆွေးနွေးနေပါသည်။ ထိုအရေအတွက်အား ဆန်းစစ်ပြီးနောက် အမျိုးသမီး CSO အဖွဲ့ဝင်များ အပါအဝင် အယောက် ၄၀ ခန့် ရှိနိုင်ပြီး ၎င်းတို့အား ဆက်သွယ်၍ သင်တန်း တစ်ခုလောက် စီစဉ်ပေးနိုင်ပါမည်။<br><br>Protection Cluster တွင်လည်း AAP အကြံပေး အရာရှိတစ်ဦး ရရှိရန် ကြိုးပမ်းနေကာ ထိုသူသည် Protection Cluster အဖွဲ့ဝင်များအား AAP သင်တန်း ပေးနိုင်လောက်ပါသည်။<br><br>Cluster တစ်ဖွဲ့စီ အတွက် AAP သင်တန်းသစ်များ ပေးနေမည့် အစား Interagency AAP သင်တန်းအား မြန်မာ ဘာသာပြန်ဆိုထားသည့် မိမိကိုယ်တိုင် လေ့လာနိုင်သော ပရိုဂရမ်များ Self-paced learning programme အဖြစ် အသွင်ပြောင်းနိုင်ပါက ပို၍ ရေရှည်ခံမည်၊ ကုန်ကျစရိတ် သက်သာမည်ဟု အကြံပြုချက် တစ်ခု ရှိပါသည်။ မိမိကိုယ်ကို လေ့လာနိုင်သော ပရိုဂရမ် အတွက် ကုန်ကျစရိတ် နမူနာ ပုံစံ Sample costing model ကိုလည်း မျှဝေပေးဖို့ PSEA ကွန်ရက်က သဘောတူခဲ့ကြပါသည်။ နောက်အစည်းအဝေးတွင် ထိုအကြောင်းအရာနှင့် ဆက်စပ်၍ ရွေးချယ်နိုင်မည့် အခြေအနေများအား လေ့လာနိုင်ရန်နှင့် ဆက်လက် ဆွေးနွေးရန် လုပ်ငန်းအဖွဲ့ WG ပူးတွဲ သဘာပတိတို့က သဘောတူခဲ့ပါသည်။<br><br>၂၀၂၂ ခုနှစ်၊ ဖေဖဝါရီလမှ AAP သင်တန်း တက်ရောက်သူများ အကြား ချိတ်ဆက်ပြောဆိုမှုနှင့် ဆက်စပ်၍ သင်တန်းချိန်အတွင်း ဆွေးနွေးချက် အရ Viber group အသုံးပြုရန် သဘောတူခဲ့ကြပါသည်။ ထို Viber group သည် အဖွဲ့ဝင်များ အားလုံး ပါသင့်သလော သို့မဟုတ် သင်တန်းသား တက်ခဲ့သူများသာ ပါသင့်သလော ဟူသည်ကို ဆွေးနွေးခဲ့ကြပြီး ၎င်းသည် သင်တန်းသားများအတွက်သာ ဖြစ်သင့်သည်ဟု အများစု | **မိတ်ဖက် အဖွဲ့ စာရင်းအား တိုက်ဆိုင် ဆန်းစစ်ရန် အလို့ငှာ WG လုပ်ငန်း အဖွဲ့ဝင် အဖွဲ့အစည်း စာရင်းကို AAP/CE WG က ဝေမျှပေးပါရန်။**<br><br>**PSEA Coordinator အကြံပြုသည့် self-paced learning programme အတွက် ရိုးရှင်းသော hosting sample အား လုပ်ငန်းအဖွဲ့ Co-chairs က စူးစမ်း လေ့လာရန်။**<br><br>**C-chairs သည် Viber community အသစ် ဖွဲ့ရန် အားသာချက်/ အားနည်းချက်များအား ဖော်ပြသော တစ်မျက်နှာပါ** |

| | |
|---|---|
| လက်ခံခဲ့ကြပါသည်။ Viber group သည် AAP အတွက် သီးခြားဖွဲ့လျှင် ပိုကောင်းမည်လော သို့မဟုတ် AAP/PSEA အဖွဲ့ ပူးပေါင်း ဖွဲ့စည်းလျှင် ပိုကောင်းမည်လောဟု အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကာ အဖွဲ့ဝင် အများစုက သီးခြားဖွဲ့လျှင် ပိုကောင်းမည်ဟု ဆိုခဲ့ပါသည်။ ထို Viber group ၌ ပါဝင်သူ အနေဖြင့် မည်သည့် ဖုန်းနံပါတ် (ပုဂ္ဂိုလ်ရေး ဖုန်း သို့မဟုတ် အလုပ်ဖုန်း) သုံးသင့်သည်၊ ထို Viber group ၏ စီမံခန့်ခွဲခြင်း administration အား မည်သူ ပံ့ပိုးဆောင်ရွက်ပေးမည် (၎င်း၌ admin များစွာ ရှိနိုင်ပါသည်)၊ Viber group အတွင်း ဆွေးနွေးမှုများအား ထိန်းညှိပေးရန်နှင့် စုံစမ်းမေးမြန်းမှုများ ရှိလာလျှင် အရင်းအမြစ်များဖြင့် ပံ့ပိုးပေးရန် စသည့် အရေးကိစ္စများလည်း ပေါ်လာခဲ့ပါသည်။ အကယ်၍ Viber group ဖွဲ့ခဲ့လျှင်လည်း ၎င်းတွင် ပါဝင်ရန် Invitation Link ပေးပို့လိုက်မည် ဖြစ်ပြီး ၎င်း၌ မည်သူ့မျှ အလိုအလျောက် ပါဝင်လာခြင်း မရှိစေရန် ဆောင်ရွက်ထားပါမည်။ ပူးတွဲ သဘာပတိတို့သည် Viber group နှင့် ဆက်စပ်၍ အိုင်ဒီယာများ ပေါင်းစပ် ဖော်ပြထားသော တစ်မျက်နှာ မှတ်စုကို အဖွဲ့ဝင်များထံ ပေးပို့မျှဝေပါမည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ နောက်လာမည့် အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးပါမည်။ | **မှတ်စုစာကို ရေးဆွဲရန်နှင့် ၎င်းအား အဖွဲ့ဝင်များသို့ မျှဝေရန်။ ထို အကြောင်းအရာအား နောက်လာမည့် WG အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးရန်။** |
| **၅။ PSEA Network က တင်ဆက်ဆွေးနွေးသော AAP နှင့် PSEA အကြား ချိတ်ဆက်မှု**<br>PSEA ညှိနှိုင်းဆောင်ရွက်ရေးမှူးသည် AAP နှင့် PSEA အကြား ချိတ်ဆက်မှုအား တင်ပြဆွေးနွေးခဲ့ပါသည်။<br>PSEA အကြောင်းနှင့် အကျိုးခံစားခွင့် ရှိသူများ၏ အထောက်အပံ့ ရရှိနိုင်သည့် အခွင့်အရေးတို့အကြောင်း အမြင်ဖွင့်ရန်၊ Inter-agency Standing Committee ၏ အဓိက အခြေခံမှု ခြောက်ချက်အား ဝန်ထမ်းများ သိရှိနားလည်စေဖို့ သင်တန်းပေးရန်နှင့် အချက်အလက် ဝေမျှရေးနှင့် အစီရင်ခံရေး အတွက် SEA focal person ဝန်ထမ်းအား သတ်မှတ်ခန့်အပ်ရန် UN ကုလသမဂ္ဂ၊ INGO အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် NNGOs အစိုးရမဟုတ်သော နိုင်ငံတွင်း အဖွဲ့အစည်းများ၌ တာဝန်ရှိပါသည်။ MIMU အင်တာနက် စာမျက်နှာ၌ တင်ထားသော PSEA toolkit တွင် ကိုးကားရန် အတွက် မြောက်များစွာသော အရင်းအမြစ်များနှင့် သင်တန်းဆိုင်ရာ အကြောင်းအရာများ ရှိပါသည်။<br>အေဂျင်စီများ ပေါင်းစပ်ထားသည့် PSEA helpline နှင့် အီးမေးလ်များအား ချမှတ်စီစဉ်ထားပြီ ဖြစ်ပြီး ၎င်းလမ်းကြောင်းများမှ တဆင့် တိုင်ကြားစာများကို အဖွဲ့အစည်း၏ သက်ဆိုင်သော ပုဂ္ဂိုလ်ထံ ကိုးကားလွှဲပြောင်းပေးမှုများ ရှိပါကာ ၎င်းသည် CBCM – Community Based Case Management လူထုအခြေပြု အမှုတွဲ စီမံခန့်ခွဲမှု အားကောင်းရေး အတွက် အလေ့အထကောင်း တစ်ခု ဖြစ်ပါသည်။ ညှိနှိုင်းဆောင်ရွက်မှုနှင့် ဆက်စပ်၍ ပြည်နယ်တိုင်း PSEA ကွန်ရက်များသည် ICCG သို့မဟုတ် Cluster lead/ Community of Practice model အောက်၌ လစဉ် တွေ့ဆုံ၊ အစည်းအဝေး ပြုလုပ်နေစဉ်တွင် နိုင်ငံတော်အဆင့် PSEA ကွန်ရက်သည် နောက်ဆုံးရ အချက်အလက်များအား Humanitarian Country Team သို့ ပုံမှန် အစီရင်ခံနေပါသည်။ မြေပြင် အဆင့်တွင် AAP သင်တန်း ရရှိသောသူနှင့် မြေပြင်ကွန်ရက်များ အကြား ချိတ်ဆက်ခြင်းမှ တဆင့် အေဂျင်စီ အဖွဲ့အစည်းများ ပါဝင်သော တိုင်ကြားစာ လက်ခံစီမံရေး စနစ်ကို အားပေးမြှင့်တင်ရန် ရည်ရွယ်သည့် လက်တွေ့ကျသော Agenda အစီအစဉ် တစ်ခုအား မြေပြင်အဆင့်တွင် ဖော်ဆောင်ရန် ရှိပါသည်။ PSEA ကွန်ရက်သည် ကချင်ပြည်နယ် အတွင်းရှိ AAP/PSEA အား ဦးဆောင်လိုသော နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ သို့မဟုတ် ကွန်ရက်များ ကိုလည်း ဖိတ်ကြားခဲ့သလို ထိုသို့ ဦးဆောင်ရန် စတင် ဆောင်ရွက်လိုသည့် မည်သည့် အဖွဲ့အစည်း၊ ကွန်ရက်ကို မဆို နည်းပညာ ပံ့ပိုးမှု ပေးရန် ကမ်းလှမ်းထားပါသည်။<br>ပြည်နယ်တိုင်း အဆင့် PSEA ဖွဲ့စည်းပုံတွင် (MI/NRC ဦးဆောင်သော) ကရင်/ အရှေ့တောင်ပိုင်း ဒေသ၊ Protection Cluster အောက်၌ (UNHCR ဦးဆောင်သော) ရခိုင် အလယ်ပိုင်း ဒေသ၊ (UNHCR ဦးဆောင်သော) COP model ရခိုင်မြောက်ပိုင်း ဒေသနှင့် ကချင် ဒေသတို့ ပါဝင်ပြီး ကချင်ဒေသ အတွက် ဦးဆောင်သူ ရရှိရေး | **Co-chairs သည် တစ်မျက်နှာ ရှိသော Concept note တစ်စောင်အား ရေးဆွဲရန်နှင့် ၎င်းအား ပြည်နယ်တိုင်း ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များသို့ ပေးဝေရန်။** |

| | |
|---|---|
| ကြိုးပမ်းမှုများ ရှိခဲ့ကာ Metta အဖွဲ့နှင့် WVI အဖွဲ့တို့ ပူးတွဲ ဦးဆောင်မှုဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းနိုင်ကောင်း ဖွဲ့စည်းပါလိမ့်မည်။<br><br>ပြည်နယ်တိုင်း အဆင့်တွင် AAP နှင့် PSEA တို့အား ပူးတွဲ ထားရှိလျှင် ပိုမို အသုံးဝင်မည်ဟု အဖွဲ့ဝင် အများစုက သဘောတူညီခဲ့သော်လည်း ထိုအခင်းအကျင်းနှင့် ဆက်စပ်၍ ပြည်နယ်တိုင်း ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ တစ်ခုချင်းစီက ဆုံးဖြတ်လျှင် ပို၍ သင့်လျော်ပါလိမ့်မည်။ ပြည်နယ်တိုင်း အဆင့်တွင် ဦးဆောင် အေဂျင်စီ အဖွဲ့များ အနေဖြင့် structured technical support ပေးရန် လိုအပ်လိမ့်မည်ဟု အသိအမှတ်ပြုကြပါသည်။ တစ်မျက်နှာရှိ Concept note အား ပြင်ဆင်ရေးဆွဲမည် ဖြစ်ပြီး ၎င်းအား ပြည်နယ်တိုင်း အဆင့်တွင် AAP နှင့် PSEA အကြား ချိတ်ဆက်မှု အားကောင်းစေရန် ရည်ရွယ်၍ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များသို့ ပေးပို့သွားပါမည်။ | |
| **၆။ တင်ပြဆွေးနွေးချက်များ**<br><br>AAP ဆိုင်ရာ စုစည်းဆွေးနွေးမှု - ရပ်ရွာလူထု အသံများ ထပ်ဟပ်နိုင်မည့် ပလက်ဖောင်းနှင့် ဘုံ data points များ ဖန်တီးနိုင်ရေး အတွက် ယခင်လ အစည်းအဝေး အတွင်း ဆွေးနွေးခဲ့ကြပါသည်။ ရပ်ရွာလူထု အသံများ ထပ်ဟပ်နိုင်မည့် ပလက်ဖောင်း တစ်ခုအား ဖန်တီးချမှတ်နိုင်ရန် အစပြု ဆွေးနွေးဖို့ လုပ်ငန်းအဖွဲ့ဝင်များ ပါဝင်သော Task force ထားရှိရန် OCHA အဖွဲ့ ၏ AAP regional advisor က အနှစ်ချုပ် ဆွေးနွေးခဲ့ပါသည်။ ထိုအုပ်စုသည် ထိုပလက်ဖောင်းနှင့် ဆက်စပ်သော ရည်မှန်းချက် ပန်းတိုင်များ၊ သဘောတရား ချမှတ်ခြင်း Conceptualization နှင့် လုပ်ငန်းလည်ပတ်မှု စသည့် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား လာမည့် အပတ်တွင် ဆွေးနွေးကြပါမည်။ ထို Task force ၏ ဆွေးနွေးချက်များအပေါ် အခြေခံ၍ Concept note အား ရေးဆွဲမည် ဖြစ်ပြီး ၎င်းနှင့် ဆက်စပ်၍ သဘောထား မှတ်ချက် တောင်းခံရန် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များထံသို့ ပေးပို့ပါလိမ့်မည်။<br><br>WASH ကဏ္ဍ - Global WASH cluster သည် Accountability and Quality Assurance Guidance Framework တာဝန်ခံမှုနှင့် အရည်အသွေး အာမခံမှု လမ်းညွှန်ချက် မူဘောင် တစ်ခုအား ရေးဆွဲပြီး ထိုမူဘောင်အား Pilot စမ်းသပ် ဆောင်ရွက်ရာတွင် ပါဝင်ရန် စိတ်ဝင်စားသော နိုင်ငံများအား ဖိတ်ခေါ်နေပါသည်။ ၎င်းမူဘောင်မှာ UNICEF, SI, OXFAM နှင့် WASH cluster ၏ ပူးတွဲ အစပြုလုပ်ငန်း ဖြစ်ပြီး ထို pilot စီမံကိန်းတွင် နိုင်ငံတော် အဆင့် ပါဝင်နိုင်ခြေရှိမှု သို့မဟုတ် ရခိုင်ပြည်နယ်မှ အစပြု၍ ပါဝင်နိုင်ခြေရှိမှုကို ဆွေးနွေးရန် မြန်မာ WASH cluster က အစည်းအဝေး ခေါ်ပါလိမ့်မည်။<br><br>GiHA CoP - GiHA သည် နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်လေ့ရှိသော နိုင်ငံတော် အဆင့် Gender analysis ကျားမရေးရာ ဆန်းစစ်လေ့လာမှု လုပ်ရန်၊ Gender Profile အပေါ် Annual review နှစ်အလိုက် ပြန်လည်သုံးသပ်မှု ပြုလုပ်ရန် စီစဉ်နေပါသည်။ AAP နှင့် ဆက်စပ်သော အထူးပြု အပိုဒ်ကိုလည်း မနှစ်က review လုပ်စဉ် ထည့်သွင်းထားခဲ့ကာ ကောင်းစွာ လက်ခံယူခဲ့ကြပြီး ဤနှစ်တွင်လည်း GiHA အနေဖြင့် ဆက်လက် ကျင့်သုံးသွားမည် ဖြစ်ပါသည်။ နောက်ကျင်းပမည့် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ၎င်းဖြစ်စဉ်နှင့် ဆက်စပ်သော အသေးစိတ်အချက်များနှင့် 2021 ခုနှစ် အတွက် AAP ဆိုင်ရာ Gender Profile တွင် မည်သည့် အချက်များ ပါဝင်ခဲ့ကြောင်းကို Presentation ပုံစံဖြင့် အဖွဲ့အား ပြန်လည် မျှဝေပါမည်။ | **ထို platform နှင့် ဆိုင်သော concept note အား OCHA အဖွဲ့၏ AAP advisor က ရေးဆွဲရန်။**<br><br>**ထို concept note အပေါ် သဘောထား မှတ်ချက် ပေးနိုင်ရန် WG အဖွဲ့ဝင်များထံ concept note ပေးပို့ရန်။**<br><br>**GiHA သည် ၂၀၂၁ ခုနှစ်မှ Gender Profile ကို ဧပြီလ WG အစည်းအဝေး၌ WG အဖွဲ့ဝင်များအား တင်ဆက်ရန်။** |

**အသုံးဝင်သော အင်တာနက်လင့်များ**

- AAP MIMU အင်တာနက် စာမျက်နှာ http://themimu.info/sector/accountability-affected-people-aap
- အီသီယိုးပီးယား ရပ်ရွာလူထုအသံ ပလက်ဖောင်း https://www.humanitarianresponse.info/en/operations/ethiopia/inter-agency-aap
- OCHA အဖွဲ့၏ AAP မစ်ရှင် အစီရင်ခံစာနှင့် အကြံပြု ဆွေးနွေးချက်များ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

http://themimu.info/sites/themimu.info/files/aap_public/Mission_Report_Myanmar_13-24_Jan_2020_Final.pdf

- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အစည်းအဝေး မှတ်တမ်း http://themimu.info/sites/themimu.info/files/aap_public/January_2022_AAPCEWG_Meeting_Summary.pdf
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် AAP CE လုပ်ငန်းအဖွဲ့ အစည်းအဝေး အတွင်း တင်ပြခဲ့သော slides များ http://themimu.info/sites/themimu.info/files/aap_public/AAP_CE_WG_January_2022_meeting_slides_Translated.pdf
- AAP ဆိုင်ရာ အင်္ဂလိပ် - မြန်မာ ဝေါဟာရ http://themimu.info/sites/themimu.info/files/aap_public/Myanmar_AAP_CE_Glossary_ENG_MM.pdf
- အေဂျင်စီများ အကြား အသုံးပြုနိုင်သည့် မြန်မာပြန်ဆိုထားသော AAP သင်တန်းဆိုင်ရာ ရင်းမြစ်များ http://themimu.info/sector/accountability-affected-people-aap (Interagency AAP Training Package ခေါင်းစဉ်အောက်တွင် ၎င်းအား တွေ့နိုင်ပါသည်။)
- အေဂျင်စီများ အကြား အသုံးပြုနိုင်သည့် မြန်မာပြန်ဆိုထားသော AAP သင်တန်း ရင်းမြစ်များ စုစည်းဖော်ပြချက် http://themimu.info/sites/themimu.info/files/aap_public/Log_of_Myanmar_Language_Interagency_Training_Materials.pdf